
# အုတတ်ဝူးမို့စာမနယ်

## မဉတတ်လို့သာပေါ့ကွယ်





အရင်ခါပဟာလဲ့(၅)ရက်တစ်စျေးဆိုရင်းရှိပဟာ
စျေးနေ့လေမှာဆင်ရင် ကြက်ဥလေရောင်းဟာ "ပလောင်"စျေးသည်
လေခပ်များများဖြစ်ကြပဟာယ်၊ ပလောင်တောင်ဟာနေထွက်ဟဲ့
လက်ဖက်ခြောက်၊ သနပ်ဖက်လေဝိုလဲ
ရပ်စောက်နယ်၊ ပင်းတယနယ်လေမှာစျေးနေ့တိုင်းတွေ့ရပဟာယ်။

အရင်တုန်းက(၅)ရက်တစ်စျေးတွေမှာ ကြက်ဥရောင်းတာများသောအားဖြင့်
"ပလောင်" စျေးသည်များဖြစ်ကြတယ်။ ပလောင်တောင်မှ ထွက်သော
လက်ဖက်ခြောက်၊ သနပ်ဖက်များလည်း ရပ်စောက်နယ်၊
ပင်းတယနယ်များတွင် စျေးနေ့တိုင်းတွေ့နိုင်သည်။


J

ကောင်းဘိုဈေးနေ့တစ်နေ့ကျရင် ပလောင်ဈေးသည်ဟာသူရောင်းဖို့ ယူလာဟဲ့ ဥစ္စာထဲမှာ ကြက်ဥလဲပါတယ်လဲ့။ သူရောင်းဟာတော ကြက်ဥလေမို့ အကြီးအသေးရောရာခပ်ဖြစ်နေတယ်။ အစောလာဝယ်ဟဲ့သူလေဟ ကြက်ဥဝယ်ခါကျရင် အကြီးချဲ့ချဲ့ရွေးပင်းဝယ်သွားခဲ့ကုန်ဟယ်။ အဲကျရင်ကြက်ဥလေဟ အသေးကင်းဟဲ့ချဲ့ချဲ့ကျန်တော့ဟယ်။

ကောင်းဘိုဈေးနေ့တစ်နေ့တွင် ပလောင်ဈေးသည်အမျိုးသားတစ်ဦးသည် မိမိယူလာသော ပစ္စည်းများကို ရောင်းနေသည်။ ထိုအထဲတွင် ကြက်ဥလည်းပါသည်။ တောသဘာဝကြက်ဥများသည် ကြီးကြီးမဟုတ်ဘဲ မှန်တမ်းနှင့် သေးသေးရောနှောနေသည်။ စောစောရောက်လာသော ဈေးဝယ်သူများက ကြက်ဥဝယ်သောအခါ ကြီးရာကိုသာရွေး၍ ဝယ်သွားကြသည်။ ကြက်ဥသေးများသာကျန်တော့သည်။



ဈေးမှာဟ ရှမ်း၊ ခနူ၊ ပလောင်၊ ပအိုဝ့်၊ အင်းသား
တိုင်းရင်းသားပေါင်းစုံ လူမျိုးစုံလာပင်းအရောင်းအဝယ်လုပ်ကြဟယ်။
ဈေးကွဲခါနီးကျန့်ကက်ဥလက်ကျန်အသေးကင်းလေချဲ့ချဲ့ကျန်နေဟယ်။

ဈေးတွင် ရှမ်း၊ ခနူ၊ ပလောင်၊ အင်းသား၊ ပအိုဝ့်လူမျိုးစုံ လာရောက်ဆုံဆည်း
ရောင်းဝယ်ကြသည်။ ဈေးကွဲကာနီးချိန်တွင် ကြက်ဥလက်ကျန်မှာ
သေးသေးလေးများသာကျန်တော့သည်။




ပင်းတယနေလာဟဲ့ ဓနုစျေးဝယ်တစ်ယောက်ဟာ
အလုပ်ရမ်းဆများနေဆို စျေးကွဲခါနီးမှရောက်လာပင်း
ကြက်ဥဝယ်ဖို့ဆိုရင်း ပလောင်စျေးဆိုင်နားရောက်သွားခါ
ကျန်နို့ ကြက်ဥလေဟာသူများရွေးပင်းကျန်နေ
ဟဲ့ဟာဖြစ်ဝို့အသေးကင်းလေချဲ့လဲ့။ အဲဆိုဝယ်ဟဲ့သူဟာစျေးတောင်း
ဆစ်ဟာ ရောင်းသူဟာဝယ်သူစိတ်ကြိုက်အထိ လျှော့ပေးနိုင်ဝူး
လျှော့ထားပေးသလောက်နဲ့ဝယ်သွားမှလို့ပြောဟယ်။

ပင်းတယမှလာသော ဓနုစျေးဝယ်တစ်ဦးသည် အလုပ်များ၍စျေးကွဲချိန်ရောက်မှ
ကြက်ဥဝယ်ရန်သတိရသည်။ ပလောင်ဆိုင်စျေးဝယ်သွားသည်။ ကြက်ဥများမှာရွေးကျ
နောက်ဆုံး ဖြစ်၍သေးသည်။ ဝယ်သူက စျေးလျှော့ခိုင်းသည်၊ ရောင်းသူကဝယ် သူစိတ်
ကြိုက်အထိမလျှော့နိုင်။ လျှော့နိုင်သမျှနှင့်သာ ဝယ်သွားရန်တိုက်တွန်းသည်။




ဈေးဝယ်သူဟာ“နှင့်ကြက်ဥဟာရမ်းဆသေးနေဝဲ”
လို့ တာတာချဲ့ပြောနေရင်း ဈေးတောင်းဆစ်နေဟာယ်။
ပလောင်ကြက် ဥသည်ဟာ စပ်ဖြီးဖြီးနဲ့ပြုံးပင်းရယ်လိုက်ဟာယ်၊
ဈေးလာဝယ်သူဝိုကျေနပ်အောင် ဟောလို့ပြောလိုက်ဟာယ်လဲ့။

ဈေးဝယ်သူသည်“နှင့်ကြက်ဥက အလွန်သေးတာဘဲ”ဟု ထပ်တလဲလဲပြောရင်း
ဈေးတောင်းလျှော့သည်။ ကြက်ဥသည်ပလောင်အမျိုးသားသည်မျက်နှာကို
အချိုသာဆုံးပြုံးရယ်လိုက်သည်။ ဝယ်သူကို ကျေနပ်အောင် ဤသို့ပြောပြသည်။



“ဟေး ပေါလိန်း နင်ပြောသလိုငါ့ကြွက်ဥဟာအသေးကင်းဟုတ်ဟယ်၊
သေးလဲဝယ်သွား မှုန့်၊ စားချိုဟယ်၊ ငါလဲကြွက်ဝိုတမင်သက်သက်
အကင်းသေးဟဲ့မဥခိုင်းရ၊ ငါတတ် တိုင်းလဲဥတတ်ဝူးလေ၊ငါမှန်းဥတတ်
ဆင်ရင်နင့်ဖို့ကြွက်ဥ သဘော်သီးလောက် အကီးဥပေးဟယ်၊
ခုနော့ အသေးကင်းဟဲ့လဲ့ ဝယ်သွားမှုန့်ချိုဟယ်နော့”

“ဟေးသူဌေးကြီး နင်ပြောသလိုငါ့ကြွက်ဥသေးတာမှန်ပါ့၊ သေးပေ
မယ့်ဝယ်သွား၊ စားကောင်းတယ်၊ ကြွက်ကိုတမင်သေးသေးမဥခိုင်းရပါ၊
ငါကိုယ်တိုင်လဲ မဥတတ်ဘူးလေ၊ ငါသာဥတတ်ရင် နင့်ဖို့ကြွက်ဥကြီးကြီး
သဘော်သီးလောက်ဥပေးပါ့မယ်။ ခုတော့သေးပေမယ့်
ဝယ်သွားနော် စားကောင်းတယ်”



ပလောင်ဈေးသည်ဟာ စေတနာထားပင်းစကားပြော
ကောင်းဝို့ ခနုဈေးဝယ်ဟာ ကြက်ဉအကင်းသေးမှန်းအသိသိနဲ့
အပြောချိုပုံဝိုကြိုက်ပင်း ကြက်ဉအကင်းသေးလေဝို
ဝယ်သွားလိုက်တော့ဟယ်။

ပလောင်ဈေးသည်၏ စေတနာထားကာ စကားပြောကောင်းသောကြောင့်
ခနုဈေးဝယ်မှာ ကြက်ဉသေးမှန်းသိလျှက် အပြောချိုပုံနှစ်သက်၍
ကြက်ဉသေးလေးများကို ဝယ်သွားလေတော့သည်။



MOEA

ဓနု စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ရေးသားပြုစုသည်။

unicef
unite for children